အဖရ
(တနင်္သာရီ)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အထူးကပ်တံဆိပ်ခေါင်း SPECIAL ADHESIVE ၅၀၀၀ကျပ် K 5000

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အထူးကပ်တံဆိပ်ခေါင်း SPECIAL ADHESIVE ၅၀၀၀ကျပ် K 5000

## တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် Winning Way Co., Ltd တို့၏
## ဝယ်ယူခြင်း သဘောတူစာချုပ်

ဤသဘောတူစာချုပ်ကို ၂၀၂၄ ခုနှစ်၊ ဇွန်လ( ၁၂ )ရက်နေ့တွင် တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၌ ဦးခင်မောင်ချို၊ အတွင်းရေးမှူး၊ ကိုယ်စားပြုသော တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ (နောင်တွင် “ ဝယ်ယူသူ ” ဟု ခေါ်ဆိုမည်ဖြစ်ပြီး အဆိုပါစကားရပ်၌ ယင်းအားဆက်ခံသူများ ဥပဒေအရ လွှဲအပ်ခြင်းခံရသူများပါဝင်သည်)ကတစ်ဖက်

နှင့်

ဒေါ်ခင်မာသီ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် (၆/ ထဝန(နိုင်) ၁၀၂၈၂၀၊ မန်နေဂျာ ကိုယ်စားပြုသော မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရ တရားဝင်ဖွဲ့စည်းထားသော အမှတ်(၄၉/ က)၊ ဆိပ်ကမ်းလမ်း၊ ကြက်စားပြင်ရပ်၊ ထားဝယ်မြို့တွင် တည်ရှိပြီး Winning Way Co., Ltd (နောင်တွင် “ရောင်းချသူ” ဟု ခေါ်ဆိုမည်ဖြစ်ပြီး အဆိုပါစကားရပ်၌ ယင်းအားဆက်ခံသူများ၊ တရားဝင် ကိုယ်စားလှယ်များ၊ ဥပဒေအရ လွှဲအပ်ခြင်းခံရသူများ ပါဝင်သည်)က အခြားတစ်ဖက်တို့သည် ဤသဘောတူစာချုပ်ကို ချုပ်ဆိုသည့်နေရာတွင် နှစ်ဖက်သဘောတူချုပ်ဆိုကြပါသည်။ ဤသဘောတူ စာချုပ်တွင် တစ်ဦးတစ်ဖက်ကို ရည်ညွှန်းပါက“ စာချုပ်ဝင် ”ဟု ခေါ်ဝေါ်သုံးစွဲမည်ဖြစ်ပြီး နှစ်ဖက်စလုံးကို ရည်ညွှန်းပါက “စာချုပ်ဝင်များ” ဟုခေါ်ဝေါ်သုံးစွဲပါမည်။

### ၁။ ရည်ရွယ်ချက်

ယခုချုပ်ဆိုသည့်စာချုပ်သည် ၂၀၂၄- ၂၀၂၅ ခု ဘဏ္ဍာရေးနှစ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် ဆောင်ရွက်မည့် ကော့သောင်းခရိုင်၊ ကော့သောင်းမြို့ရိပ်သာတွင် 150 KVA မီးစက်တပ်ဆင် ခြင်းလုပ်ငန်း (Lot-7) အတွက် သဘောတူစာချုပ်ဖြစ်ပြီး သတ်မှတ်ကာလ အတွင်း အချိန်မီဝယ်ယူတပ်ဆင်ခြင်းပြီးစီးရေးနှင့် ဘဏ္ဍာငွေလေလွင့်ဆုံးရှုံးမှု မရှိစေရေးအတွက် ရောင်းချသူအပေါ်တွင် ကြီးကြပ်ထိန်းချုပ်ရန်အတွက် ချုပ်ဆိုသော စာချုပ်ဖြစ်ပါသည်။

### ၂။ အာမခံနှင့်ကိုယ်စားပြုခြင်း

(၂-၁) ဝယ်ယူသူသည် ဥပဒေအရ စာချုပ်ပါလုပ်ငန်းကို ၂၀၂၄-၂၀၂၅ ခု ဘဏ္ဍာရေးနှစ်၊ တိုင်းဒေသကြီးငွေလုံးငွေရင်းအသုံးစရိတ်ခေါင်းစဉ်ဖြင့် တရားဝင်ပိုင်ဆိုင်ခွင့်၊လုပ်ကိုင် ခွင့်ရှိသူဖြစ်ပါသည်။






(၂-၂) ရောင်းချသူသည် စာချုပ်ပါလုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရန် အတတ်ပညာရှင်အင်အား၊ ပစ္စည်းအင်အားပြည့်စုံသူဖြစ်ပါသည်၊

(၂-၃) ဝယ်ယူသူနှင့် ရောင်းချသူတို့သည် စာချုပ်တွင် လက်မှတ်ရေးထိုးခွင့် အခွင့်အာဏာ ရှိသူများဖြစ်ကြောင်း အသီးသီးအာမခံကြပါသည်။

**၃။ ပစ္စည်းများပေးသွင်းရမည့်တည်နေရာ**

အောင်သုခရပ်ကွက်၊ ကော့သောင်းမြို့၊ တနင်္သာရီတိုင်းဒေသကြီးတွင် ဖြစ်ပါသည်။

**၄။ ပစ္စည်းအမျိုးအစား**

တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးမှ ဝယ်ယူသည့် ကော့သောင်းခရိုင်၊ ကော့သောင်းမြို့ရိပ်သာတွင် 150 KVA မီးစက်တပ်ဆင ခြင်းလုပ်ငန်း (Lot-7) ဖြစ်ပါသည်။

**၅။ ပစ္စည်းအားလုံး၏တန်ဖိုး**

ပစ္စည်းအားလုံး၏ တန်ဖိုးမှာငွေကျပ် (၉၉,၅၀၀,၀၀၀/-) (ကျပ်ကိုးရာကိုးဆယ်ငါးသိန်းတိတိ) ဖြစ်သည်။

**၆။ လုပ်ငန်းအာမခံကြေးရယူခြင်း**

လုပ်ငန်းအာမခံကြေးရယူခြင်းအား အောက်ပါအတိုင်းဆောင်ရွက်ရမည်-

(၆-၁) လုပ်ငန်းအာမခံကြေးစဘော်ငွေ(Performance Guarantee)အဖြစ် လုပ်ငန်းတစ်ခုလုံး၏(၁၀%)ဖြစ်သော ငွေကျပ် (၉,၉၅၀,၀၀၀/-) (ကျပ်ကိုးဆယ်ကိုးသိန်းငါးသောင်းတိတိ)ကို ရောင်းချသူမှ တင်ဒါအောင်မြင်ကြောင်း ကြေညာပြီး (၁၄)ရက်အတွင်း မြန်မာနိုင်ငံဗဟိုဘဏ်က အသိအမှတ်ပြုသော ဘဏ်တစ်ခုခုသို့ ပေးသွင်းထားရှိရမည်။

(၆-၂) လုပ်ငန်းအားလုံးပြီးစီး၍ လွှဲပြောင်းလက်ခံပြီး သတ်မှတ်နေရာသို့ လိုအပ်သည့် စံချိန်စံညွှန်းများနှင့် ပြည့်စုံကြောင်း Good Acceptance Certificate လက်မှတ်ရရှိပြီးနောက် (၁)ပတ်အတွင်း လုပ်ငန်းအာမခံကြေးစဘော်ငွေကို ပြန်လည်ထုတ်ပေးရမည်။

(၆-၃) လုပ်ငန်းဆောင်ရွက်နေသည့်ကာလအတွင်း လုပ်ငန်းအားလုံး ဆောင်ရွက်နိုင်ခြင်းမရှိလျှင်သော်လည်းကောင်း၊ ရောင်းချသူ၏ ပျက်ကွက်မှုကြောင့် စာချုပ်ရပ်စဲရသည့်






အခြေအနေပေါ်ပေါက်လျှင်သော်လည်းကောင်း၊ လုပ်ငန်းအာမခံကြေးစဘော်ငွေကို သိမ်းယူပြီး လုပ်ငန်းလက်ခံသူ၏ ကုမ္ပဏီအား နာမည်ပျက်စာရင်း (Black List) အဖြစ် ကြေညာခြင်းခံရမည်။

၇။ **ရောင်းချသူက လိုက်နာဆောင်ရွက်ရမည့် တာဝန်ဝတ္တရားများ**

ရောင်းချသူသည် အောက်ပါအတိုင်းတာဝန်ယူဆောင်ရွက်ရမည်ဖြစ်ပါသည်-

(၇-၁) ပစ္စည်းဝယ်ယူဆောင်ရွက်ရန် နှစ်ဘက်သဘောတူစာချုပ် ချုပ်ဆိုပြီးပါက လုပ်ငန်းများ စတင်ဆောင်ရွက်ရမည်၊

(၇-၂) ရောင်းချသူအနေဖြင့် စာချုပ်ပါကာလအတွင်း သတ်မှတ်ထားသော ပစ္စည်းများကို ပေးသွင်းတပ်ဆင်ခြင်း ပြီးမြောက်အောင် ဆောင်ရွက်ရမည့်အပြင် သတ်မှတ်ရက်ကျော်လွန်ပါက တစ်ရက်လျှင်ပေးသွင်းရန် ကျန်ပစ္စည်းတန်ဖိုး၏ (၀.၀၁%)ကို ဒဏ်ကြေးအဖြစ် ပေးဆောင်ရမည်၊

(၇-၃) အိတ်ဖွင့်တင်ဒါတင်သွင်းစဉ်က သတ်မှတ်ထားသော အိတ်ဖွင့်တင်ဒါတင်သွင်းသူများ လိုက်နာရမည့် စည်းကမ်းချက်များကိုလည်း ဤစာချုပ်၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် လိုက်နာဆောင်ရွက်ရမည်၊

(၇-၄) ရောင်းချသူအနေဖြင့် တင်ဒါတင်သွင်းစဉ်က ဆောင်ရွက်ပေးမည့် ဝန်ဆောင်မှုလုပ်ငန်းများအား မပျက်မကွက် လိုက်နာဆောင်ရွက်ရမည်၊

(၇-၅) ရောင်းချသူသည် လုပ်ငန်းအား ထပ်ဆင့်ငှားရမ်းလုပ်ကိုင်စေခြင်းမပြုရ၊

(၇-၆) စာချုပ်ပါအချက်များနှင့် အကျုံးမဝင်သော အခြားဖြေရှင်းရန် အခက်အခဲများ၊ အငြင်းပွားမှုများရှိပါက ဝယ်ယူသူ၏ အဆုံးအဖြတ်ကို လိုက်နာဆောင်ရွက်ရမည်၊

(၇-၇) လုပ်ငန်းဆောင်ရွက်နေစဉ် ချို့ယွင်းအားနည်းချက်များကို ပြုပြင်ရန် ဝယ်ယူသူက အကြောင်းကြားသည့်အခါ ရောင်းချသူက ချက်ချင်း **(ချက်ချင်း)** လိုက်နာဆောင်ရွက်ရမည်၊

(၇-၈) လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း ဝယ်ယူသူက ဖွဲ့စည်းပေးထားသည့် အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီ၏ ကွင်းဆင်းစစ်ဆေးချက်များကို ခံယူ

ရမည်။ သတ်မှတ်ထားသော စံချိန်စံညွှန်း၊ ပုံစံတို့မကိုက်ညီဘဲ ကွဲလွဲဆောင်ရွက်ချက်တွေ့ရှိပါက သတ်မှတ်စံချိန်စံညွှန်းပုံစံအတိုင်း ပြန်လည်ပြုပြင်ဆောင်ရွက်ရမည်၊

(၇-၉) လုပ်ငန်းအားလုံး(၁၀၀%)ပြီးစီး၍ လွှဲပြောင်းလက်ခံခြင်းများ ဆောင်ရွက်ပြီးစီးသော်လည်း သက်ဆိုင်ရာစာရင်းစစ်ချုပ်ရုံးမှ စေလွှတ်သည့် စာရင်းစစ်အဖွဲ့၏ စစ်ဆေးအတည်ပြုချက်ကို ကျေနပ်စွာဖြင့် ခံယူရမည်၊ ထို့သို့စစ်ဆေးရာတွင် စစ်ဆေးတွေ့ရှိချက်အရ ပြန်လည်ဆောင်ရွက်ပေးရမည့်လုပ်ငန်း သို့မဟုတ် ပြန်လည်ပေးသွင်းရန်ငွေရှိလျှင် ရောင်းချသူက အပြည့်အဝတာဝန်ယူပေးသွင်းရမည်၊

(၇-၁၀) လုပ်ငန်းဆောင်ရွက်ခြင်းအတွက် လုပ်ငန်းတန်ဖိုး၏ Withholding Tax ဝင်ငွေခွန် (၂%)နှင့် ကုန်သွယ်လုပ်ငန်းခွန်(၅%)ကို သက်ဆိုင်ရာ ပြည်တွင်းအခွန်များဦးစီးဌာနသို့ လုပ်ထုံးလုပ်နည်းနှင့်အညီ ပေးသွင်းဆောင်ရွက်ရမည်၊

(၇-၁၁) တင်ဒါတွင် တင်ပြထားသော နည်းပညာသတ်မှတ်ချက်များနှင့် မကိုက်ညီလျှင် ပစ္စည်းဝယ်ယူတပ်ဆင်ရေးလုပ်ငန်း စိစစ်ရေးကော်မတီ အဆင့်အဆင့်မှ ပြန်လည်ပြင်ဆင်ပေးရန် ညွှန်ကြားလာသည့်အချက်များရှိပါက ပြန်လည်ဆောင်ရွက်ပေးရမည်ဖြစ်ပြီး ဆောင်ရွက်ပေးခြင်းမရှိပါက တည်ဆဲဥပဒေနှင့်အညီ အရေးယူခြင်းကို ခံယူရပါမည်။

(၇-၁၂) ရောင်းချသူသည် စာချုပ်ပါလုပ်ငန်းများကို နောက်ဆုံးသတ်မှတ်ရက်တွင် ပြီးစီးအောင်ဆောင်ရွက်ခြင်းမရှိပါက ဝယ်ယူသူ၏ ဌာနသို့ပေးအပ်ထားသည့် အာမခံစပေါ်ငွေ (Performance Guarantee) ကို နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းယူမည့်အပြင် ရောင်းချသူ၏ ကုမ္ပဏီကို အမည်ပျက်စာရင်း(Black List) အဖြစ် ကြေညာခြင်းခံရမည်၊

(၇-၁၃) ရောင်းချသူအနေဖြင့် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ Online ဆိုင်ရာ လုံခြုံမှုနှင့် သက်ဆိုင်သော လုပ်ငန်းဖြစ်သောကြောင့် Cyber Security အတွက် ဝန်ခံကတိပြုရန်နှင့် Cybe Law အရ လိုက်နာရမည့် ကျင့်ဝတ်များကို လိုက်နာဆောင်ရွက်ရမည်။

(၇-၁၄) တင်ဒါအောင်မြင်သည့် ကုမ္ပဏီအနေဖြင့် ကော့သောင်းခရိုင်၊ ကော့သောင်းမြို့ ရိပ်သာတွင် 150 KVA မီးစက်တပ်ဆင် ခြင်းလုပ်ငန်း (Lot-7) အတွက် ငွေထုတ်

ယူခွင့်တင်ပြရာတွင် အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီ၏ အတည်ပြုထားကြောင်း ထောက်ခံချက်နှင့်အတူ ပူးတွဲတင်ပြရမည်၊

(၇-၁၅) လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး စနစ်တကျစီစဉ်ဆောင်ရွက်ထားရမည်။ ထို့အတူ မီးဘေးအန္တရာယ်ကာကွယ်ရေးအတွက်လည်း စနစ်တကျပြင်ဆင်ထားရှိရမည်၊

## ၈။ ဝယ်ယူသူက လိုက်နာဆောင်ရွက်ရမည့် တာဝန်ဝတ္တရားများ

ဝယ်ယူသူသည် အောက်ပါအတိုင်း ဆောင်ရွက်ရမည်ဖြစ်ပါသည်-

(၈-၁) ရောင်းချသူက ဆောင်ရွက်ပြီးစီးမှုအပေါ် မူတည်၍ လိုအပ်သော စစ်ဆေးထောက်ခံချက်ပြည့်စုံစွာဖြင့် ရန်ပုံငွေတင်ပြတောင်းခံလာပါက အရစ်ကျငွေကို ဆောလျင်စွာ ထုတ်ပေးရမည်၊

(၈-၂) ပစ္စည်းများရောက်ရှိသည့်အခါ အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီမှစစ်ဆေး၍ သဘောတူလက်ခံကြောင်း အတည်ပြုပြီးပါက ရောင်းချသူထံ ကျသင့်ငွေပေးချေခြင်းကို ဆောင်ရွက်ရမည်၊

(၈-၃) ဝယ်ယူသူသည် စာချုပ်ပါစည်းကမ်းများအတိုင်း ဆောင်ရွက်မှုရှိ/မရှိ ကြီးကြပ်ရမည်၊

(၈-၄) တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၏ ၂၀၂၄-၂၀၂၅ ခု ဘဏ္ဍာရေးနှစ်၊ တိုင်းဒေသကြီးငွေလုံးငွေရင်းအသုံးစရိတ်ခေါင်းစဉ်ဖြင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးတွင် ကော့သောင်းခရိုင်၊ ကော့သောင်းမြို့ရိပ်သာတွင် 150 KVA မီးစက်တပ်ဆင်ခြင်းလုပ်ငန်း (Lot-7) ကို လုပ်ဆောင်ခြင်းဖြစ်ပါသည်၊

(၈-၅) ဝယ်ယူသူသည် နိုင်ငံတော်သမ္မတရုံး၏ တင်ဒါဆိုင်ရာညွှန်ကြားချက်(၁/၂၀၁၇)နှင့် အညီဆောင်ရွက်ရန် တင်ဒါအောင်မြင်သော ရောင်းချသူသို့ ဤဝယ်ယူရေးစာချုပ်ပါ ပစ္စည်းများကို သတ်မှတ်ဘဏ္ဍာရေးနှစ်အတွင်း ပြီးမြောက်အောင် ဆောင်ရွက်ရန် အပ်နှံခြင်းဖြစ်ပါသည်၊

(၈-၆) ဝယ်ယူသူသည် ရောင်းချသူပေးသွင်းရမည့် အခွန်နှုန်းထားများပေးသွင်းခြင်း ရှိ/မရှိ ကြီးကြပ်ဆောင်ရွက်ရမည်၊






(၈-၇) လုပ်ငန်းခွင်သို့ ဝယ်ယူသူကိုယ်တိုင်ဖြစ်စေ၊ ၎င်းကတာဝန်ပေးအပ်ခြင်းခံရသူသို့မဟုတ် အဖွဲ့ဖြင့်ဖြစ်စေ အခါအားလျော်စွာ ဝင်ရောက်စစ်ဆေးကြည့်ရှု၍ လိုအပ်သည်များကို ညွှန်ကြားဆောင်ရွက်ရမည်၊

(၈-၈) ရောင်းချသူက လုပ်ငန်းကို စံချိန်စံညွှန်းပြည့်မီအောင် ဆောင်ရွက်နိုင်ခြင်းမရှိခဲ့လျှင်သော်လည်းကောင်း၊ အချိန်မီပြီးစီးရန် ပျက်ကွက်ခဲ့လျှင်သော်လည်းကောင်း ဝယ်ယူသူသည် လုပ်ငန်းကိုရပ်ဆိုင်းခွင့်ရှိသည်။ ထိုသို့ရပ်ဆိုင်းရပါက သတ်မှတ်အချိန်မီပြီးစီးရမည့် လုပ်ငန်းလိုအပ်ချက်အရ အခြားအဖွဲ့တစ်ဖွဲ့ကို ဝယ်ယူသူအနေဖြင့် အစားထိုးတာဝန်ပေးနိုင်ရန် စီစဉ်ခွင့်ရှိသည်၊

(၈-၉) ဝယ်ယူသူသည် စာချုပ်ပါ ဝယ်ယူသည့်ပစ္စည်းများ၏ အရည်အသွေး၊ စံချိန်စံညွှန်း၊ အရေအတွက်တို့အားလည်းကောင်း၊ ဝယ်ယူသည့်ပစ္စည်းများ သတ်မှတ်နေရာများတွင် ရောက်ရှိမှုအခြေအနေများအားလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးလက်ခံရမည်၊

(၈-၁၀) ရောင်းချသူက သတ်မှတ်နေရာသို့ သတ်မှတ်ထားသော စံချိန်စံညွှန်းများနှင့်အညီ ပစ္စည်းများအားလုံးကို ပေးပို့ပြီး တပ်ဆင်ရေးလုပ်ငန်းများပြီးစီးပါက လိုအပ်သည့် စံချိန်စံညွှန်းများနှင့် ပြည့်စုံကြောင်း Good Acceptance Certificate လက်မှတ်ထုတ်ပေးရမည်၊

## ၉။ ပစ္စည်းပေးသွင်းခြင်း

၉။ စာချုပ်တွင် စာချုပ်ဝင်နှစ်ဘက် လက်မှတ်ရေးထိုးပြီးသည့်နေ့တွင် လုပ်ငန်းစတင်ပြီး (၁၅. ၂ .၂၀၂၅ )ရက်နေ့တွင် ပစ္စည်းပေးသွင်းတပ်ဆင်မှုများအား ပြီးစီးအောင်ဆောင်ရွက်ရမည်။ ပြီးစီးရန် သတ်မှတ်ရက်ထက်ကျော်လွန်ပါက ကျော်လွန်သည့်ရက်များအတွက် (၁)ရက်လျှင် ဝယ်ယူမည့်ပစ္စည်းများအားလုံးတန်ဖိုး၏ (၀.၀၁%)ကို ရောင်းချသူက ပေးလျော်ရမည်ဖြစ်ပြီး နောက်ကျရက် (၃၀)ရက်ထက်ကျော်လွန်ပါက လုပ်ငန်းအားရပ်ဆိုင်းပြီး ရောင်းချသူ၏ ကုမ္ပဏီကို အမည်ပျက်စာရင်းတွင် ထည့်သွင်းခံရမည်ဖြစ်သည်။

**၁၀။ ပစ္စည်းအာမခံသက်တမ်း**

ပစ္စည်းအာမခံသက်တမ်းမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(၁၀-၁) ရောင်းချသူ၏ ပစ္စည်းအာမခံသက်တမ်းသည် ဝယ်ယူသူသည် သတ်မှတ်ထားသော နေရာ သို့မဟုတ် ပစ္စည်းကို အရောက်ပေးပို့တပ်ဆင်ပြီး လုပ်ငန်းအပ်နှံခံသည့်နေ့ မှစ၍ ( ၂ )နှစ်အတွင်းဖြစ်သည်။

(၁၀-၂) အာမခံသက်တမ်းအတွင်း ပစ္စည်းချို့ယွင်းခြင်း၊ အားနည်းချက်ရှိခြင်း၊ စွမ်းဆောင်မှုမကောင်းခြင်းကဲ့သို့ အပြစ်အနာအဆာများဖြစ်ခြင်း၊ ပျက်စီးခြင်းများရှိပါက ဝယ်ယူသူသည် ရောင်းချသူထံသို့ စာဖြင့်/ ဖုန်းဖြင့် အသိပေးအကြောင်းကြားသည့်အခါ အကြောင်းကြားစာလက်ခံရရှိပြီး (၂၄)နာရီအတွင်း စစ်ဆေးပေးရမည်။ စစ်ဆေးမှုအဖြေအပေါ်မူတည်၍ ပစ္စည်းအစိတ်အပိုင်း သို့မဟုတ် ပစ္စည်းတစ်ခုလုံး အား ပြင်ဆင်ပေးခြင်း သို့မဟုတ် အစားထိုးပေးခြင်းများ ပြုလုပ်ရန်လိုအပ်ပါက ရက် (၃၀)မှ ရက် (၆၀)အတွင်း ရောင်းချသူက ကုန်ကျစရိတ်မယူဘဲ ဝယ်ယူသူ သတ်မှတ်ထားသည့်နေရာသို့ ပြင်ဆင်ခြင်း၊ ပို့ဆောင်ခြင်းကို ဆောင်ရွက်ပေး ရမည်။

**၁၁။ ရောင်းချသူ၏အာမခံချက်**

ရောင်းချသူက အောက်ပါအချက်များကို အာမခံပါသည်-

(၁၁-၁) စာချုပ်အရ ရောင်းချသူက တင်သွင်းသည့် ပစ္စည်းများသည် အသစ်ဖြစ်၍ အသုံး မပြုရသေးကြောင်း၊ လက်ရှိတင်သွင်းသည့် ပစ္စည်းအသစ်ဖြစ်ကြောင်း၊ ပစ္စည်းများ သည် ပထမတန်းအရည်အသွေးဖြစ်၍ အပြစ်အနာအဆာမရှိကြောင်း အာမခံပါ သည်၊

(၁၁-၂) ရောင်းချသူ၏ အာမခံချက်တွင် အာမခံသက်တမ်းအတွင်း တပ်ဆင်ထားသော ပစ္စည်းများအား(၄)လတစ်ကြိမ် စစ်ဆေးခြင်း၊ ချို့ယွင်းမှုဖြစ်ပေါ်နေသော ပစ္စည်းအား ပြင်ဆင်ခြင်း၊ အစားထိုးခြင်းပါဝင်သည်၊

(၁၁-၃) ရောင်းချသူသည် အာမခံသက်တမ်းအတွင်း ပစ္စည်းများ၏ချို့ယွင်းမှုများနှင့် အလွယ်တကူ မမြင်ရသောချို့ယွင်းမှုများရှိပါက ပြင်ဆင်ခြင်း၊ လဲလှယ်ခြင်းများကို ဆောင်ရွက် ပေးရမည်၊

**၁၂။ အခွန်ပေးဆောင်ခြင်း**

၁၂။ ငွေပေးချေမှုအစီအစဉ်အရ ပင်ရင်းမှနုတ်ယူပေးသွင်းငွေ (Withholding Tax)ဖြစ်သော လုပ်ငန်း တန်ဖိုး၏ (၂%) အား ပြည်တွင်းအခွန်များဦးစီးဌာနသို့ ပေးသွင်းရမည်။ ကုန်သွယ်လုပ်ငန်းခွန်အဖြစ် လုပ်ငန်းတန်ဖိုး၏ (၅%) အား ရောင်းချသူ၏ အစီအစဉ်ဖြင့် ပေးသွင်းရမည်။ လုပ်ငန်းအတွက် နောက်ဆုံးအရစ် ငွေထုတ်ချိန်တွင် ကုန်သွယ်လုပ်ငန်းခွန်အဖြစ် လုပ်ငန်းတန်ဖိုး၏(၅%)တို့အား ပေး သွင်းထားကြောင်း အထောက်အထားတင်ပြမှသာ ထုတ်ပေးရမည်။

**၁၃။ ငွေပေးချေစနစ်**

ဝယ်ယူသူသည် ပစ္စည်းတန်ဖိုး (၉၉,၅၀၀,၀၀၀/-) (ကျပ်ကိုးရာကိုးဆယ်ငါးသိန်းတိတိ)ကို အောက်ပါအတိုင်း (၄)ကြိမ်ခွဲ၍ ရောင်းချသူသို့ ထုတ်ပေးရမည်-

(၁၃-၁) လုပ်ငန်းပမာဏ၏ (၂၅%)ဖြစ်သော ပစ္စည်းများရောက်ရှိလျှင် ပထမအကြိမ်အဖြစ် လုပ်ငန်းတန်ဖိုး၏ (၂၅%)ဖြစ်သော ငွေကျပ် (၂၄,၈၇၅,၀၀၀/-) (ကျပ်နှစ်ရာ လေးဆယ်ရှစ်သိန်းခုနစ်သောင်းငါးထောင်တိတိ)ကို ပေးချေရမည်၊

(၁၃-၂) လုပ်ငန်းပမာဏ၏ (၅၀%)ဖြစ်သော ပစ္စည်းများရောက်ရှိလျှင် ဒုတိယအကြိမ်အဖြစ် လုပ်ငန်းတန်ဖိုး၏ (၂၅%)ဖြစ်သော ငွေကျပ် (၂၄,၈၇၅,၀၀၀/-) (ကျပ်နှစ်ရာ လေးဆယ်ရှစ်သိန်းခုနစ်သောင်းငါးထောင်တိတိ)ကို ပေးချေရမည်၊

(၁၃-၃) လုပ်ငန်းပမာဏ၏ (၇၅%)ဖြစ်သော ပစ္စည်းများရောက်ရှိလျှင် တတိယအကြိမ်အဖြစ် လုပ်ငန်းတန်ဖိုး၏ (၂၅%)ဖြစ်သော ငွေကျပ် (၂၄,၈၇၅,၀၀၀/-) (ကျပ်နှစ်ရာ လေးဆယ်ရှစ်သိန်းခုနစ်သောင်းငါးထောင်တိတိ)ကို ပေးချေရမည်၊

(၁၃-၄) လုပ်ငန်းပမာဏ၏ (၁၀၀%)ဖြစ်သော ပစ္စည်းများရောက်ရှိလျှင် စတုတ္ထအကြိမ် အဖြစ်လုပ်ငန်းတန်ဖိုး၏(၂၅%)ဖြစ်သော ငွေကျပ် (၂၄,၈၇၅,၀၀၀/-) (ကျပ်နှစ်ရာ လေးဆယ်ရှစ်သိန်းခုနစ်သောင်းငါးထောင်တိတိ)ကို ပေးချေရာတွင် လုပ်ငန်း သဘာဝအရ ကော့သောင်းခရိုင်၊ ကော့သောင်းမြို့ရိုပ်သာတွင် 150 KVA မီးစက်

တပ်ဆင်ခြင်းလုပ်ငန်း (Lot-7) ကို လိုအပ်သော Installation, test run, training တို့ ဆောင်ရွက်ပြီးသည့်အချိန်တွင် ပေးချေရမည်။

(၁၃-၅) အခွန်အခအားလုံးပေးသွင်းပြီးမှသာ ဝယ်ယူသူက ရောင်းချသူသို့ နောက်ဆုံးအရစ်ကျန်ငွေအားလုံး ထုတ်ပေးရမည်၊

**၁၄။ မူပိုင်ခွင့်**

ဝယ်ယူမည့်ပစ္စည်းများသည် မူပိုင်ခွင့်နှင့်စပ်လျဉ်းသည့် ပစ္စည်းများဖြစ်ပါက ရောင်းချသူအနေဖြင့်စာချုပ်အရထုတ်လုပ်ထားသည့်ပစ္စည်းအတွက် ဝယ်ယူသူနှင့်ဆောင်ရွက်သည့်ကိစ္စ အားလုံးတွင် အခြားအဖွဲ့အစည်း၊ ကုမ္ပဏီနှင့်ပုဂ္ဂိုလ်များ၏ မူပိုင်ခွင့်ကို ထိပါးမှုမရှိကြောင်း ဝန်ခံကတိပြုပါသည်။ ရောင်းချသူမှ ပေးပို့လာသည့်ပစ္စည်းအတွက် မူပိုင်ခွင့်နှင့်စပ်လျဉ်း၍ ဝယ်ယူသူအား တရားစွဲဆိုပါက ဝယ်ယူသူနစ်နာမှုမရှိစေရန် ရောင်းချသူက ၎င်း၏စရိတ်ဖြင့် ခုခံကာကွယ်ပေးရမည်။ ဝယ်ယူသူမှစာဖြင့် အကြောင်းကြားပါက တရားစွဲဆိုမှုအပေါ် ရောင်းချသူ၏စရိတ်ဖြင့်ခု ခံချေပနိုင်ရန် ရောင်းချသူက ဆောင်ရွက်ပေးရမည်။

**၁၅။ ပစ္စည်းများ၏စံချိန်စံညွှန်း**

စံချိန်စံညွှန်းသတ်မှတ်ရန် လိုအပ်သော ဝယ်ယူမည့်ပစ္စည်းများ၏ စံချိန်စံညွှန်းများကို နောက်ဆက်တွဲဖြင့် ဖော်ပြထားပါသည်။

**၁၆။ မလွန်ဆန်နိုင်သောဖြစ်ရပ်များ**

(၁၆-၁) မလွန်ဆန်နိုင်သောဖြစ်ရပ်များဆိုသည်မှာ သဘာဝအလျောက်ကြုံတွေ့နိုင်သော ရေဘေး၊ မီးဘေး၊ လေဘေး၊ မြေငလျင်ဘေး၊ ကပ်ရောဂါဘေး စသည့်တို့အပြင် နိုင်ငံတော်အစိုးရ၏ ကန့်သတ်တားမြစ်ချက်များ၊ တရားဥပဒေစိုးမိုးရေးနှင့် ငြိမ်ဝပ်ပိပြားမှုပျက်ပြယ်ခြင်း၊ စစ်ဖြစ်ခြင်း၊ သပိတ်မှောက်ခြင်း စသည့်တို့နှင့် စာချုပ်ဝင်တစ်ဖက်ဖက်က လိုအပ်သော သတိဝိရိယနှင့်ဆောင်ရွက်စေကာမူ မလွန်ဆန်နိုင်၊ မကျော်လွှားနိုင်သည့် အလားတူဖြစ်ရပ်များဖြစ်ပြီး၊ ယင်းမလွန်ဆန်နိုင်သော ဖြစ်ရပ်များကြောင့် လုပ်ငန်းဆောင်ရွက်မှုကို ထိခိုက်ဆုံးရှုံးစေလျှင် ရောင်းချသူသည် ဝယ်ယူသူထံသို့ နစ်နာဆုံးရှုံးမှုအတွက် လျော်ကြေးတောင်းပိုင်ခွင့်မရှိစေရ၊

(၁၆-၂) ထိုသို့မလွန်ဆန်နိုင်သော ဖြစ်ရပ်များပေါ်ပေါက်ပါက ယင်းဖြစ်ရပ်များဖြစ်ပေါ်သည့်အချိန်မှ (၁၄)ရက်အတွင်း ရောင်းချသူသည် ဝယ်ယူသူသို့ ချက်ချင်း စာဖြင့်ရေးသားအကြောင်းကြားရမည်။ ဝယ်ယူသူက လက်ခံအတည်ပြုလျှင် မလွန်ဆန်နိုင်သော ဖြစ်ရပ်မြောက်ပြီး၊ လုပ်ငန်းဆောင်ရွက်ခြင်းနှင့် တိုက်ရိုက်သက်ဆိုင်သော ပြတ်တောက်ကာလအပိုင်းအခြားအတွက် လုပ်ငန်းဆောင်ရွက်မှု သက်သာခွင့်ပြုနိုင်သည်။

**၁၇။ ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ခြင်း**

ရောင်းချသူအနေဖြင့် ပေးသွင်းတပ်ဆင်ရမည့်ပစ္စည်းများနှင့်စပ်လျဉ်း၍ ပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်ပျက်စီးဆုံးရှုံးမှု၊ ကာကွယ်ထိန်းချုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ရမည့် ပတ်ဝန်းကျင် ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ လိုအပ်သော အကာအကွယ်၊ အစီအစဉ်စသည်တို့ကို တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက်၊ စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်ရမည်။

**၁၈။ လွှဲပြောင်းလက်ခံခြင်း**

ဤစာချုပ်ပါ သတ်မှတ်ချက်များအတိုင်း ပစ္စည်းများပေးသွင်းတပ်ဆင်ခြင်းပြီးစီးလျှင် ဝယ်ယူသူက ရောင်းချသူအားပြီးစီးကြောင်း စာဖြင့်အကြောင်းကြားရပါမည်။ ဤသို့အကြောင်းကြားသည့်ရက်မှ ရက်သတ္တတစ်ပတ်အတွင်း တရားဝင်လွှဲပြောင်း/ လက်ခံရေးကို စတင်ဆောင်ရွက်ရမည်။

**၁၉။ လုပ်ငန်းခွင်ပစ္စည်းများ ရှင်းလင်းသိမ်းဆည်းခြင်း**

(၁၉-၁) ရောင်းချသူသည် ဝယ်ယူသူသို့ လုပ်ငန်းလွှဲပြောင်းပြီး (၂)ပတ်အတွင်း လိုအပ်ပါက Installation, test run, training တို့ ဆောင်ရွက်ပြီးစီးပြီးနောက် လုပ်ငန်းခွင်ရှိ ရောင်းချသူပိုင်ပစ္စည်းများနှင့် စက်ယန္တရားများအားလုံးကို သိမ်းဆည်းဖယ်ရှားပြီးနောက် လုပ်ငန်းခွင်၏ ပတ်ဝန်းကျင်ကို သက်ဆိုင်ရာစည်ပင်သာယာရေးအဖွဲ့၏ ဥပဒေနှင့်အညီ ရှင်းလင်းပေးရန် ရောင်းချသူက တာဝန်ယူရမည်၊

(၁၉-၂) စာချုပ်ရပ်စဲခြင်းဖြစ်ပါက ရောင်းချသူသည် လုပ်ငန်းခွင်ရှိ ၎င်းပိုင်ပစ္စည်းများနှင့် စက်ယန္တရားများအားလုံးကို စာချုပ်ရပ်စဲသည့်နေ့မှစ၍ (၁၅)ရက်အတွင်း သိမ်းဆည်းဖယ်ရှားပေးရမည်၊

## ၂၀။ စာချုပ်သက်တမ်းနှင့် စာချုပ်သက်တမ်းတိုးမြှင့်ခြင်း

(၂၀-၁) ဤသဘောတူစာချုပ်သက်တမ်းမှာ စာချုပ်ဝင်များ လက်မှတ်ရေးထိုးသည့်နေ့ (၁၂.၆.၂၀၂၄)ရက်နေ့မှ ၃၁.၃.၂၀၂၆ ရက်နေ့အထိ ဖြစ်ပါသည်။ စာချုပ်သက်တမ်းကုန်ဆုံးသွားသော်လည်း အပိုဒ် ၁၈ ပါစည်းကမ်းချက်သည် ဆက်လက်အကျိုးသက်ရောက်စေရမည်။

(၂၀-၂) စာချုပ်ဝင်များသည် ဤသဘောတူစာချုပ်အား သက်တမ်းတိုးရန်လိုအပ်ပါက စာချုပ်ဝင်နှစ်ဖက်ညှိနှိုင်း၍ စာဖြင့်သဘောတူညီချက်ရယူကာ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ အတည်ပြုချက်ရယူပြီး သက်တမ်းတိုးနိုင်ပါသည်၊

(၂၀-၃) သက်တမ်းတိုးသည့်အပိုင်းကို စာချုပ်တွင် ပြင်ဆင်ချက်ဖြင့်ပြုစု၍ နှစ်ဦးနှစ်ဖက်လက်မှတ်ရေးထိုးရမည်၊

(၂၀-၄) စာချုပ်ပြင်ဆင်ချက်သည် ဤသဘောတူစာချုပ်၏ အစိတ်အပိုင်းဖြစ်သည်။

## ၂၁။ တာဝန်ယူခြင်းနှင့် တာဝန်ခံခြင်း

ဤသဘောတူကတိစာချုပ်ပါ ပစ္စည်းများကို ရောင်းချသူက ဝယ်ယူသူထံ စနစ်တကျလွှဲပြောင်းလက်ခံခြင်း ပြုပြီးသည့်နောက် သဘာဝဘေးအန္တရာယ်ကြောင့်ဖြစ်စေ၊ မမျှော်မှန်းနိုင်သောခိုင်လုံသည့်အခြားဘေးအန္တရာယ်တစ်ခုခုကြောင့်ဖြစ်စေ၊ ဖြစ်ပွားခဲ့ခြင်းမှအပ ယင်းသို့လွှဲပြောင်းလက်ခံပြီး ပစ္စည်းအာမခံကာလသတ်မှတ်ချက်များအတိုင်း ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အာမခံပါသည်။ ထို့အပြင် ထိုကာလအတွင်း ပစ္စည်းထုတ်လုပ်မှု နည်းပညာပိုင်းအရ ချို့ယွင်းအားနည်းချက်များကြောင့် ဖြစ်ပေါ်လာသောထိခိုက်မှု၊ လုပ်ငန်းဆောင်ရွက်ချက်မပြည့်စုံမှု၊ ပျက်စီးမှုများကို ရောင်းချသူက မိမိစရိတ်ဖြင့် ပြန်လည်ပြုပြင်ပေးရန် တာဝန်ယူသည်။

## ၂၂။ စာချုပ်ရပ်စဲခြင်း

နှစ်ဖက်စာချုပ်ဝင်များသည် တဖက်ဖော်ပြပါအကြောင်းအရာ တစ်ရပ်ရပ်ဖြစ်ပေါ်လာပါက စာချုပ်အားရပ်စဲနိုင်သည်-

(က) စာချုပ်ပါစည်းကမ်းချက်တစ်ရပ်ရပ်ကို စာချုပ်ဝင်တစ်ဖက်ဖက်က ဆောင်ရွက်ရန်ပျက်ကွက်ခြင်း၊

(ခ) မလွန်ဆန်နိုင်သောဖြစ်ရပ်သည် တစ်ဆက်တည်း(၁၅)ရက်ထက် ကျော်လွန်ဖြစ်ပွားနေခြင်း။

(ဂ) စာချုပ်ပါမူလရည်မှန်းချက်များကို ဆက်လက်အကောင်အထည်ဖော်နိုင်စွမ်းမရှိတော့ခြင်း၊

(ဃ) စာချုပ်သက်တမ်းကုန်ဆုံးခြင်း။

**၂၃။ စာချုပ်အကျိုးသက်ရောက်ခြင်း**

ဤစာချုပ်သည် နှစ်ဦးနှစ်ဖက်သဘောတူလက်မှတ်ရေးထိုးသော(၁၂.၆.၂၀၂၄)ရက်နေ့မှစ၍ အကျိုးသက်ရောက်စေရမည်။

**၂၄။ စာချုပ်အား ပြန်လည်စေ့စပ်ညှိနှိုင်းခြင်း**

(၂၄-၁) ဤသဘောတူစာချုပ်တွင်ပါရှိသည့် စည်းကမ်းချက်များသည် လုပ်ငန်းများအမှန်တကယ် အကောင်အထည်ဖော်ဆောင်ရွက်သည့်အခါ ကြိုတင်မမျှော်မှန်းနိုင်သည့် အခြေအနေတစ်ရပ်ရပ်ကြောင့် လုပ်ငန်းများ ဆက်လက်ဆောင်ရွက်ရန် မဖြစ်နိုင်လျှင် စာချုပ်ဝင်များသည် နှစ်ဦးနှစ်ဖက် စေ့စပ်ညှိနှိုင်းပြီး စာချုပ်ပါစည်းကမ်းချက်များကို ပြန်လည်စေ့စပ်ညှိနှိုင်းဆောင်ရွက်ရမည်။

(၂၄-၂) ပြန်လည်စေ့စပ်ညှိနှိုင်းချက်သည် ဤသဘောတူစာချုပ်၏ အစိတ်အပိုင်းဖြစ်သည်။

**၂၅။ စာချုပ်အား ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း**

(၂၅-၁) ဤသဘောတူစာချုပ်ကို နှစ်ဦးနှစ်ဖက်စာဖြင့် သဘောတူညီမှုမရှိဘဲ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း လုံးဝမပြုလုပ်ရ၊

(၂၅-၂) ဤသဘောတူစာချုပ်တွင် လုပ်ငန်းလိုအပ်ချက်အရ ပေါ်ပေါက်လာသော အချက်အလက် သို့မဟုတ် အခြေအနေတစ်ရပ်ရပ်ပေါ်ပေါက်ပြီး စာချုပ်ကိုပြင်ဆင်ရန် လိုအပ်ပါက နှစ်ဦးနှစ်ဖက် သဘောတူညီချက်ကို စာဖြင့်ရေးသား၍ ရယူပြီး ဤစာချုပ်ကို ပြင်ဆင်နိုင်သည်။

(၂၅-၃) ဤသဘောတူစာချုပ်ကို ပြင်ဆင်ဖြည့်စွက်ပါက ပြင်ဆင်ဖြည့်စွက်ချက်ကို စာချုပ်ဝင်များ လက်မှတ်ရေးထိုးရမည်၊

(၂၅-၄) ပြင်ဆင်ဖြည့်စွက်ချက်သည် ဤသဘောတူစာချုပ်၏ အစိတ်အပိုင်းဖြစ်သည်။

**၂၆။ အငြင်းပွားမှု ဖြေရှင်းခြင်း**

ဤသဘောတူစာချုပ်နှင့်ပတ်သက်၍ အငြင်းပွားမှု တစ်စုံတစ်ရာ ပေါ်ပေါက်လာပါက နှစ်ဖက် စာချုပ်ဝင်များအကြား နှစ်ဦးနှစ်ဖက်ပြေလည်စွာ ညှိနှိုင်းဖြေရှင်းရမည်။ ထိုသို့ဖြေရှင်း၍မရပါက ဥပဒေနှင့်အညီ စီရင်ပိုင်ခွင့်ရှိသော သက်ဆိုင်ရာ တရားရုံး၏အဆုံးအဖြတ်သည်သာ အတည်ဖြစ်သည်။

**၂၇။ ဆက်သွယ်ရန် လိပ်စာများ**

ဤလုပ်ငန်းသဘောတူစာချုပ်နှင့်စပ်လျဉ်း၍ အကြောင်းကြားစာနှင့် အခြားဆက်သွယ်မှုများကို စာတိုက်၊ စကားပြောကြေးနန်း၊ တဲလက်စ်၊ ဖက်စ်၊ ကြိုးမဲ့ကြေးနန်း၊ ကြေးနန်းတို့ဖြင့် ပေးပို့သူက ကျသင့်ငွေကြိုတင်ပေးချေ၍ ပေးပို့ရမည်။ ထိုသို့ဆက်သွယ်ရာတွင် အောက်ဖော်ပြပါလိပ်စာများ အတိုင်း ဆက်သွယ်ဆောင်ရွက်ရမည်-

(က) ဝယ်ယူသူ - ဦးခင်မောင်ချို၊ အတွင်းရေးမှူး
တိုင်းဒေသကြီးအစိုးရအဖွဲ့
၀၉၂၆၁၁၇၉၁၂၇
၀၅၉၂၃၅၆၄(ဖက်စ်)

(ခ) လုပ်ငန်းလက်ခံသူ - ဒေါ်ခင်မာသီ၊ မန်နေဂျာ
မှတ်ပုံတင်အမှတ်၊ ၆/ ထဝန(နိုင်) ၁၀၂၈၂၀
Winning Way Co., Ltd
အမှတ် (၄၉/ က)၊ ဆိပ်ကမ်းလမ်း၊ ကြက်စားပြင်ရပ်
ထားဝယ်မြို့
ဖုန်း - ၀၉ ၂၅၄၁၀၂၈၁၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အထူးကပ်တံဆိပ်ခေါင်း
SPECIAL ADHESIVE
၅၀၀၀၀ ကျပ်  K 50000

## ၂၈။ အထွေထွေ

(၂၈-၁) ဤသဘောတူစာချုပ်နှင့်အတူ ဝယ်ယူသည့်ပစ္စည်းများ စံချိန်စံညွှန်းသည် ဤသဘောတူစာချုပ်၏ အစိတ်အပိုင်းများ ဖြစ်ကြပါသည်။

(၂၈-၂) ဤသဘောတူစာချုပ်ကို ဝယ်ယူသူနှင့်ရောင်းချသူတို့ ဖတ်ရှုသိရှိနားလည်သဘောပေါက်ပြီးဖြစ်ပါသဖြင့်(၁၂.၆.၂၀၂၄)ရက်နေ့တွင် အောက်ဖော်ပြပါ အသိသက်သေများရှေ့မှောက်တွင် လွတ်လပ်သောဆန္ဒအသီးသီးဖြင့် သဘောတူလက်မှတ်ရေးထိုးကြပါသည်။

| ဝယ်ယူသူ(ကိုယ်စား) | | ရောင်းချသူ(ကိုယ်စား) | |
|---|---|---|---|
| လက်မှတ် | ၊ ______ | လက်မှတ် | ၊ ______ |
| အမည် | ၊ ဦးခင်မောင်ချို | အမည် | ၊ ဒေါ်ခင်မာသီ |
| ရာထူး | ၊ အတွင်းရေးမှူး | ရာထူး | ၊ မန်နေဂျာ |
| မှတ်ပုံတင်အမှတ် | ၊ ၃/ကဆက(နိုင်)၀၀၁၈၃၇ | မှတ်ပုံတင်အမှတ် | ၊ ၆/ ထဝန(နိုင်) ၁၀၂၈၂၀ |
| ဌာန | ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ | ကုမ္ပဏီ | ၊ Winning Way Co., Ltd |

**အသိသက်သေများ**

| | | | |
|---|---|---|---|
| လက်မှတ် | ၊ | လက်မှတ် | ၊ |
| အမည် | ၊ ဦးသန်းလွင် | အမည် | ၊ ဦးဇေယျာထက် |
| ရာထူး | ၊ ဒုတိယညွှန်ကြားရေးမှူး | ရာထူး | ၊ အရောင်းတာဝန်ခံ |
| မှတ်ပုံတင်အမှတ် | ၊ ၁၃/ နစန(နိုင်) ၀၀၈၉၃၉ | မှတ်ပုံတင်အမှတ် | ၊ ၁၂/လသယ(နိုင်)၁၁၇၈၀၃ |
| ဌာန | ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး | ကုမ္ပဏီ | ၊ Winning Way Co., Ltd |